## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ (၂၃-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးတင်မြင့်၊ ဒလ မဲဆန္ဒနယ်**က ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အုပ်ချုပ်ရေး ဥပဒေ ရေးဆွဲရန် အစီစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ပြည်သူကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ပြည့်စုံလုံလောက်ပြီးဖြစ်သည့်အတွက် လတ်တလောတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေ (မူကြမ်း)ရေးဆွဲရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးတင်ရွှေ၊ ရွှေတောင် မဲဆန္ဒနယ်**က ရွှေတောင်မြို့နယ်ရှိ ညောင်စာရေး -တရုတ်မှော် -ကွေ့မအထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ကတ္တရာလမ်းအဖြစ် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း မြေသားလမ်း ၂ မိုင် ၁ ဖာလုံအား မြေသားတာဘောင်ချဲ့ခြင်းနှင့် ကျောက်စရစ်ခင်းခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်**က ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော ကြံခင်းမြို့နယ်အတွင်းရှိ ငွေးချိုတံတားအား အသစ်တည်ဆောက်ပေးနိုင်ပါရန် သိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က တံတားအသစ် တည်ဆောက်ပေးရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လက်ရှိတံတားအား လူနှင့်ဆိုင်ကယ်များ သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄။ | **စိုင်းထွန်းစံ(ခ)စိုင်းဆေပာန်၊ လင်းခေးမဲဆန္ဒနယ်**က ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းပေါ်တွင် အဆင်ပြေစွာပို့ဆောင်နိုင်ရေးဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်သီးသန့် အမြန်လမ်းကြောင်း ဖော်ဆောင်ပေးရန်၊ ခရီး | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က ပို့ကုန်တင်ပို့မှု စနစ်တကျရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် လျှောက်ထားသည့် လိုင်စင်များတွင် QR Code ထည့်သွင်းစေကာ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် တိုက်ဆိုင်စစ်ဆေးကြပ်မတ် |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| | ကုန်ကျစရိတ်ထိန်းချုပ်ရေးအတွက် သယ်ယူစရိတ် ကျဆင်းအောင် ဆောင်ရွက်ပေးရန်၊ နယ်စပ်ပေါက်စျေးနှင့် ပြည်တွင်း ဝယ်စျေး ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် အနည်းဆုံး အာမခံစျေးနှုန်းသတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့်မြေဩဇာများကို အစိုးရ အစီအစဉ်ဖြင့် တိုက်ရိုက်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိတို့ကို သိလိုခြင်း မေးမြန်းပါသည်။ | လျက်ရှိပြီး မျိုးစေ့ဌာနခွဲရှိ မျိုးသန့်ခြံ ၄၃ ခြံ မှ စီးပွားဖြစ် မျိုးသန့်မျိုးပွားမျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါကြောင်းနှင့် မြေဩဇာစျေးနှုန်းသက်သာစေရေးအတွက် ပြည်တွင်းသဘာဝဓာတ်မြေဩဇာစက်ရုံ ၃၁၈ ရုံနှင့် ဇီဝမြေဩဇာ ၁၂ ရုံတို့မှ နှစ်စဉ်တန်ချိန် ၁၅၈၀၀၀ ကျော် ထုတ်လုပ်ပြီး ရောင်းချပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်**က Rice Export Zone (REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ်များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားရရှိစေမှုနှင့်အတူ ဌာနဆိုင်ရာ နှင့် လုပ်ငန်းရှင်များ အကျိုးတူစီမံဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က (REZ) စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စပါးစိုက်တောင်သူများရရှိမည့် တစ်ကေလျှင် ချေးငွေ ၇.၅ သိန်းအား ထွက်ရှိမည့် စပါးဖြင့် ပြန်လည်ပေးဆပ်နိုင်ခြင်း၊ သွင်းအားစုများ စျေးနှုန်း သက်သာစွာဖြင့် ရရှိသုံးစွဲနိုင်ခြင်း နည်းပညာအကူအညီများရရှိနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးတင်ဦး၊ အိမ်မဲ မဲဆန္ဒနယ်**က လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမား အိမ်ထောင်ဦးစီးများ ကွယ်လွန်ပါကအမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့ စွာ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းနှင့် ရှိပါက မည်ကဲ့သို့ ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်ပါ လုပ်ငန်းစဉ်(၇)ချက်နှင့်အညီ ပုံစံ(၇) ရရှိထားသူ ကွယ်လွန်ပါက အမွေဆက်ခံခွင့် ရှိသူအမည် ပြောင်းလဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများ စိုက်ပျိုးစရိတ် ထုတ်ချေးရာတွင် အခက်အခဲမရှိစေရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ညွှန်ကြားစာ ထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၇။ | **စိုင်းထွန်းလင်း၊ မိုးနဲ မဲဆန္ဒနယ်**က ကျိုင်းတောင်းမြို့ရှိ နောင်တုန်ဟုန်းကန်ကြီးအား တူးဖော်ရှင်းလင်း အဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |